NOVEL AUTHOR TEAM

ဘာသာပြန် စာရေးဆရာ – Mushi

# The Strongest System

## (လင်းဖန်)

(Chapter 501 - 520)

စာစဉ် – ၂၆

# အခန်း (၅၀၁)

## ပြန်လည်မွေးဖွားခြင်း

လင်းဖန်တစ်ယောက် လောင်ရှွမ်၏ နဂါးထိန်းချုပ်ခြင်း ကျာပွတ်၏ စွမ်းအားအောက်မှ မလွတ်မြောက်နိုင်ခဲ့ပါဘူး။ အမှန်တကယ်တမ်းတွင်တော့ သူ့တွင်အခွင့်အရေးပင် မရှိနိုင်ဟု ခံစားလာရပါတော့သည်။ လောင်ရှွမ်တစ်ယောက် သူ၏ဆေးစွမ်းဖြင့် ဒုက္ခရောက်နေချိန်တွင်ပင် သူက လွတ်မြောက်အောင် မစွမ်းဆောင်နိုင်ခဲ့ဘူးလေ။ ထိုထက်ကောင်းမွန်သော အခွင့်အရေးကား ရရှိနိုင်ရန် မဖြစ်နိုင်တော့ပါဘူး။

ကြီးမားစွာ ကျူးကျော်ခြင်း ဆေးလုံးတို့ကတော့ တာဝန်ကျေခဲ့ပါပြီ။ သူတို့က ပျက်စီးခြင်း ကောင်းကင်ဘုံအဆင့် တစ်ယောက်ကိုပင် အကျိုးသက်ရောက်စေခဲ့တယ်လေ။ သူက ယနေ့တိုက်ပွဲမှသာ လွတ်မြောက်ခွင့်ရခဲ့ပါက ထိုဆေး၏စွမ်းအားတို့ကို ထပ်မံမြှင့်တင်ရန်အတွက် စဉ်းစားထားလိုက်ပါတော့သည်။ ထိုမှသာ သူ့အတွက် အခွင့်အရေး တစ်ရပ်အနေဖြင့် အသုံးပြု၍ ရနိုင်မည် မဟုတ်ပါလား။

ယခုအချိန်မှာတော့ လောင်ရှွမ်သည်ကား နဂါးတစ်ပိုင်းနှင့် လူတစ်ပိုင်း အနေအထား ဖြစ်နေခဲ့ပါပြီ။ သူ၏ဦးခေါင်းက လူဦးခေါင်းအဖြစ် ပြန်လည်ပြောင်းလဲ နေခဲ့ပါပြီ။ သူက နဂါးကမ္ဘာမှ စွမ်းအားတို့ကြောင့် အဖြူရောင်နဂါး အဖြစ်သို့ပင် ပြောင်းလဲနိုင်ခဲ့ပါသည်။

"ကောင်လေး ... မင်းက ငါ့ကို ဒီအခြေအနေရောက်အောင် တွန်းအားပေးခဲ့တယ် ... ဒါပေမဲ့ ငါက ဂရုစိုက်မယ် ထင်နေလား ..."

လောင်ရှမ်တစ်ယောက် သူ၏ကိုယ်အတွင်းမှ သောင်းကျန်းနေခဲ့သော စွမ်းအားတို့ကို ထိန်းချုပ်နေခဲ့ရပါတယ်။ ထိုအချိန်တွင်တော့ သူ၏မျက်ဝန်းတို့က မှိတ်ထားခဲ့ပါတယ်။ သို့သော်လည်း သူကအသင့် အနေအထားတွင်တော့ ရှိနေခဲ့ပါသည်။ ထိုလူသားသည်ကား အောက်တန်းကျသော ခိုးကြောင်ခိုးဝှက် နည်းလမ်းများစွာကို တတ်မြောက်ထားခဲ့တယ်လေ။ နောက်ထပ် မည်သည့်နည်းလမ်းတို့ ရှိနေမည်နည်း ...

"ဟမ့် ..."

လင်းဖန်က ဂရုမစိုက်စွာဖြင့် ထာဝရပုဆိန်ကြီးကို ပြန်လည်သိမ်းဆည်းလိုက်ပါတော့သည်။

"ခင်ဗျားက သစ္စာဖောက် တစ်ယောက်လေ ... ကိုယ့်ကိုယ်ကိုယ် မြင့်မြတ်တဲ့ သူတစ်ယောက်လို ဟန်ဆောင်မနေနဲ့ ... ကျုပ်က သေရမှာမကြောက်ဘူး ..."

နီဗားနား မီးလျှံလက်ချောင်း ...

လင်းဖန်က ရုတ်တရက် သူ၏နီဗားနားမီးလျှံ လက်ချောင်းသိုင်းကို အသုံးပြုကာ လွတ်မြောက်ရန် ကြိုးစားလိုက်ပါတော့သည်။ သူ၏ စွမ်းအားကြီးမားလှသော မီးလျှံလက်ချောင်းက နဂါးထိန်းချုပ်ခြင်း ကျာပွတ်အားတိုက်ခိုက်လိုက်ပါတော့သည်။ ထိုအချိန်မှာပင် လောင်ရှမ်က သူ၏နဂါးကိုယ်မှ လျှပ်စီးများဖြင့် ပစ်လွှတ်လိုက်ပါတော့သည်။ ထိုဖျက်ဆီးခြင်း လျှပ်စီးများက လင်းဖန်၏ကိုယ်အား ထိမှန်ကာ သူ့အား ဖိအားပေးလာပါတော့သည်။

"ကောင်လေး လက်လျှော့လိုက်တော့ ... မင်းက အဲဒီ နဂါးထိန်းချုပ်ခြင်း ကျာပွတ်ကို ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး ... နဂါးလူသားကမ္ဘာက ကောင်းကင်ဘုံ နဂါးကြီးတောင် ဒီကျာပွတ်ရဲ့အစွမ်းကို မတွန်းလှန်နိုင်ခဲ့ဘူး

..."

လောင်ရွှမ်တစ်ယောက် လင်းဖန်အား လှောင်ပြောင်လိုက်ပါတော့သည်။ ထိုအချိန်မှာတော့ လင်းဖန်၏ ဆေးစွမ်းတို့အား တိုက်ထုတ်နေခဲ့ပါတော့သည်။

"ခင်ဗျား ..."

လင်းဖန် တစ်ယောက်ကတော့ ဒေါသတကြီးဖြင့် ရုန်းကန်နေဆဲပါပဲ။ သို့သော်လည်း သူကရုန်းကန်လေလေ ထိုကျောပွတ်၏ ချုပ်နှောင်ခြင်းက ပိုမိုတင်းကျပ်လာလေလေ ဖြစ်နေခဲ့ပါတော့သည်။

တစ်ဖက်တွင်လည်း လောင်ရွှမ်က လင်းဖန်၏ ဆေးစွမ်းတို့ကို တိုက်ထုတ်ရာတွင် အခက်အခဲတို့ ရှိနေခဲ့ပါသည်။

"မိုးမြေစိတ်ဆန္ဒ ..."

လောင်ရွှမ်၏ ကြုံးဝါးသံအဆုံးမှာတော့ အဖြူရောင်နဂါးကြီးက ရွှေရောင်တောက်ပသော နဂါးကြီးအဖြစ် ပြောင်းလဲသွားပါတော့သည်။ နဂါးကြီး၏မျက်နှာက လောင်ရွှမ်၏မျက်နှာ ဖြစ်နေခဲ့ပြီး အဆမတန် ကြီးထွားနေခဲ့ပါသည်။ ထိုနဂါးကြီးက ပေပေါင်းတစ်ထောင်မျှ ရှည်လျားနေခဲ့ပါတော့သည်။

ဤသည်ကား လောင်ရွှမ်၏ စွမ်းအားတို့ကို အကုန်အစင် အသုံးပြုလိုက်ခြင်း ဖြစ်နေပါတော့သည်။ သူက ရွှေရောင်နဂါးကြီးအဖြစ် ပြောင်းလဲပြီးချိန်မှာတော့ သူတော်စင် စိတ်ဝိညာဉ် ချီဓာတ်တို့အား အဆက်မပြတ် စုပ်ယူကာ သူ၏ကိုယ်အတွင်းမှ အမည်မသိစွမ်းအားကို တိုက်ထုတ်နေရ ပါတော့သည်။

နောက်ဆုံးတွင်တော့ ...

"ဟား ... ဟား ... ဟား ... ကောင်းတယ် ..."

ထိုအချိန်တွင် လောင်ရှမ်၏ အမူအရာက ပျော်ရွှင်ကျေနပ်နေသည့်ဟန် ဖြစ်နေခဲ့ပါတော့သည်။

"ဘာ ... သူက ငါ့ဆေးစွမ်းကို တိုက်ထုတ်နိုင်သွားပြီလား ... ငါကတော့ သေပြီထင်တယ် ..."

လင်းဖန်တစ်ယောက် လောင်ရှမ်၏ အမူအရာအား ကြည့်ရှုံမှုဖြင့် ထိုသူကား လွတ်မြောက်သွားခဲ့ပြီကို နားလည်လိုက်ပါတော့သည်။ ထိုသို့ဆိုပါက သူ၏အလှည့်သို့ ရောက်လာပေတော့မည်။ လင်းဖန်တစ်ယောက် ဦးနှောက်မီးပွင့်မတတ် အကြံထုတ် နေပြန်ပါတော့သည်။

"အာ ... မေ့နေလိုက်တာ ..."

လင်းဖန်က နောက်ဆုံးတွင်တော့ အကောင်းဆုံးသော အကြံတစ်ခုကို သတိရလိုက်ပါတော့သည်။ ထိုအရာသည်ပင်လျှင် သူ့အားလွတ်မြောက် စေတော့မည်ကို နားလည်လိုက်သည် မဟုတ်လား ...

"ဟ ... ဟ ..."

ရုတ်တရက် လင်းဖန်၏ရယ်မောသံက ထွက်ပေါ်လာပါတော့သည်။

"ကောင်လေး ... မင်းက ဘာရယ်တာလဲ ..."

လင်းဖန်၏ ရုတ်တရက် ထရယ်မောသံကြောင့် လောင်ရှမ်က ကြောင်အသွားကာ မေးလိုက်ပါတော့သည်။

"ကျုပ်ဘာကိုရယ်တာလဲ ... သိချင်လား ... တကယ်တော့ ခင်ဗျားကိုကြည့်ပြီး ရယ်မောနေခဲ့တာပဲ ... ခင်ဗျားလို သစ္စာဖောက်တစ်ယောက်က ကျုပ်ကို သတ်လိုက်နိုင်ရင်တောင် ကျုပ်အနောက်မှာ တခြားသော မျိုးနွယ်ဝင်တွေ အများကြီးကို ရင်ဆိုင်ရဦးမှာ မမေ့နဲ့ ..."

လင်းဖန်က သူ၏အစီအစဉ်သာ မှားယွင်းပြီး သေဆုံးခဲ့ပါကလည်း နောင်တရနေမည် မဟုတ်ပါဘူး။ မည်သို့ပင်ဆိုစေကာမူ သူက ရဲဝံ့စွာဖြင့် အသက်စွန့်ခဲ့ခြင်း ဖြစ်နေခဲ့သည် မဟုတ်လား ...

လောင်ရှမ်ကတော့ လင်းဖန်၏ စကားတို့ကို ဒေါသမထွက်ခဲ့ပါဘူး။ ထိုစကားများက မှန်ကန်သည်ကိုလည်း သူကသိနေခဲ့တယ်လေ။ သို့သော်လည်း လောင်ရှမ်၏ အခြေအနေကိုတော့ မည်သူကမျှ နားလည်နိုင်ခဲ့မှာ မဟုတ်ပါဘူး။

လင်းဖန်က

"သေခြင်းတရားက ကြောက်စရာမကောင်းပါဘူး ... တကယ်တော့ ဘဝကိုဖြောင့်မတ်စွာ မလျှောက်လှမ်းနိုင်တာကမှ ကြောက်စရာကောင်းတာပါ ... ခင်ဗျားရဲ့ ပျက်စီးခြင်း ကောင်းကင်ဘုံ အဆင့်ကြီးနဲ့ ရှေးခေတ်မျိုးနွယ်တွေ လက်အောက်မှာ နေထိုင်ရတာ မရှက်ဘူးလား ..."

"ခင်ဗျား ... ကျုပ်ကို ခေါ်သွားချင်တာလား ... ဒီနေ့ ကျုပ်တို့ လူသားမျိုးနွယ်တွေရဲ့ ရဲရင့်မှုကို ခင်ဗျား မြင်တွေ့စေမယ် ..."

လင်းဖန်က ပြောချင်ရာတို့ကို ပြောဆိုပြီးနောက်မှာတော့ သူ၏ကိုယ်မှ ကြီးမားသော စွမ်းအင်လှိုင်းတို့က ဖြာထွက်လာပါတော့သည်။ ဤသည်ကား သူ၏ကိုယ်ကို ပြန်လည် ဖောက်ခွဲခြင်းပါပဲ။ ထိုစွမ်းအင်တို့ကား သူထုတ်ဖော်နိုင်သည်ထက် များစွာ စွမ်းအားကြီးနေခဲ့ပါသည်။

"မင်း ... မင်း ... ဘာလုပ်တာလဲ ..."

လင်းဖန်၏ အမူအရာကိုကြည့်ကာ လောင်ရှမ်က ထိတ်လန့်တကြား မေးလိုက်ပါတော့သည်။

"ဟမ့် ... ကျုပ်သေသွားရင်တောင် ... ခင်ဗျားရဲ့ ကျာပွတ်ကိုပါ ခေါ်သွား

မယ် ..."

"ပေါက်ကွဲစမ်း ..."

လင်းဖန်၏ ဒေါသတကြီး အမိန့်သံအောက်မှာတော့ သူ၏ကိုယ်ကား စွမ်းအင်လှိုင်းတို့ ပေါက်ကွဲထွက်ကာ တစ်စစီ လိုက်သွားပါတော့သည်။

"ရပ် ..."

"ဝုန်း ..."

လောင်ရှမ်က လင်းဖန်၏စကားတို့ကြောင့် သိရှိသွားချိန်တွင် ထိတ်လန့်တကြား တားဆီးလိုက်ပါတော့သည့်.။

သို့သော်လည်း အရာအားလုံးက နောက်ကျခဲ့ပါပြီ။ ကြီးမားသော ပေါက်ကွဲသံကြီးက မိုးမြေတစ်ခွင်ကို ဖုံးလွှမ်းသွားပါတော့သည်။ ထိုစွမ်းအင်လှိုင်းများ၏ ပေါက်ကွဲမှုက လောင်ရှမ်ကိုပင် သွေးအန်စေခဲ့ ရပါတော့သည်။

"ဘာ ... ဘာကြောင့်လဲ ... ငါက သူ့ကို မသေစေရဘူးလို့ အာမခံထားခဲ့တယ်လေ ... ငါ ... သူ့ကိုဖိအားပေးလွန်းလို့ သေသွားခဲ့တာ ..."

လောင်ရှမ်တစ်ယောက် ယူကြုံးမရဟန်ဖြင့် အော်ဟစ်လိုက်ပါတော့သည်။ လောင်ရှမ်က ဒေါသတကြီးအော်ဟစ်၍ လေဟာနယ်အားတစ်ချက်တည်းဖြင့် ဆွဲဖြဲကာ ပျံသန်းထွက်ခွာ သွားပါတော့သည်။

ထိုအချိန်တွင်တော့ ကျန်ရစ်ခဲ့သော မြေပြင်တွင် သွေးတစ်စက်က လှုပ်ရှားနေခဲ့ပါသည်။ ဤသည်ကား လင်းဖန်၏ သွေးတစ်စက် ဖြစ်နေခဲ့ပြီး ထိုသွေးတစ်စက်သည်ကား အသက်ဓာတ်တို့ ပြင်းထန်စွာတည်ရှိ နေခဲ့ပါတော့သည်။

"သွေးတစ်စက်မှ ပြန်လည်မွေးဖွားခြင်း ..."

သွေးတစ်စက်သည်ကား ပြင်းထန်စွာ တုန်ခါလာပြီးနောက်မှာတော့ ပေါက်ကွဲ သွားခဲ့ပါတော့သည်။

***

# အခန်း (၅၀၂)
# တာအိုမျိုးစေ့

နောက်ဆုံးတွင်တော့ လင်းဖန်ဆိုသည့် လူသားကား ပြန်လည်မွေးဖွားလာခဲ့ပါပြီ။ သူက သွေးတစ်စက်မှ ပြန်လည်မွေးဖွားခြင်း အစွမ်းကို တစ်ကြိမ်တစ်ခါမျှ ထုတ်မသုံးဖူးခဲ့ပါဘူး။ ယခုအချိန်မှာတော့ ပထမဆုံးအကြိမ်အဖြစ် ထုတ်သုံးဖူးခဲ့ခြင်းဖြစ်ပြီး အောင်မြင်သည်ကို တွေ့လိုက်ရချိန်မှာတော့ ပျော်ရွှင်နေမိပါတော့သည်။

သို့သော်လည်း ထိုသို့ပြန်လည် မွေးဖွားခြင်းအစွမ်းကား သူ၏အစစ်အမှန်စွမ်းအားတို့ကို အားလုံးနီးပါး ကုန်ဆုံးစေခဲ့ပါသည်။ ထို့အပြင် သူ၏ဒေတာစနစ် သိုလှောင်အိတ်ထဲတွင် ထည့်ထားသော အရာများမှလွဲ၍ ကျန်သိုလှောင် လက်စွပ်အတွင်းမှ ဆေးပင်များ၊ ဆေးလုံးများအားလုံးက ပေါက်ကွဲမှုထဲ ပါသွားခဲ့ပါသည်။ သို့သော်လည်း သူအားရသော အရာအားလုံးက ဒေတာစနစ်မှ ပါလာသော သိုလှောင်အိတ်ထဲတွင် ဖြစ်နေခဲ့ပါသည်။

ထို့အပြင် သူ၏စွမ်းအားများ ကုန်ဆုံးနေမှုက အန္တရာယ် ရှိစေနိုင်ခဲ့ပါသည်။ ယခုအချိန်တွင် အဆင့်နိမ့် မှော်သားရဲကြီးများ ရောက်လာခဲ့လျှင်ပင် သူက သေဆုံးသွားနိုင်သည် မဟုတ်လား။ ထို့ကြောင့် သူ၏ကောင်းကင်ဘုံသို့ ပျံသန်းခြင်းလက်နက် အစွမ်းဖြင့် မြေပြင်အားလျှို့ဝှက်တွင်းတစ်ခု တူးလိုက်ကာ အတွင်းသို့ ဝင်ပုန်းနေလိုက်ပါတော့သည်။

သူက လိုအပ်နေသော စွမ်းအားများနှင့် အသက်စွမ်းအင်တို့ ကောင်းမွန်စွာ ပြည့်ဝဖို့ လိုအပ်နေသေးသည် မဟုတ်လား။ သူက တစ်ကိုယ်တော် လိုက်လံသွားလာနေသူတစ်ဦး ဖြစ်နေခဲ့သော်လည်း သူ့အနေဖြင့် ကြောက်လန့်နေမည် မဟုတ်တော့ပါဘူး။ သူ့တွင် ဒေတာစနစ် တစ်ခု ရှိနေသည်သာမက အသက်ဘေးများစွာကိုလည်း ကျော်ဖြတ်ဖူးခဲ့ပြီလေ။ ထို့အပြင် အဇူရာကောင်းကင်ဘုံ အဆင့်သည်ကား နိမ့်ကျသောအဆင့် တစ်ခု မဟုတ်ခဲ့ပါဘူး။

"ဒီဒေတာစနစ်က ... ဒီနေ့တော့ တော်တော် အသုံးမကျတာပဲ ... ငါက အကျပ်အတည်းနဲ့ ကြုံရချိန်မှာ ဘာလို့အကြံမပေးတာလဲ ... တော်သေးတယ် ... ငါက ဉာဏ်ကောင်းတဲ့သူ တစ်ယောက် ဖြစ်နေလို့ ... မဟုတ်ရင် သေနေလောက်ပြီ ..."

လင်းဖန်က ဒေတာစနစ်အား အပြစ်တင်ညည်းတွား နေပါတော့သည်။ သူသာလျှင် ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်နေခဲ့သည် မဟုတ်လား ...

မိမိကိုယ်ကို ဖောက်ခွဲခြင်းသည်ကား မည်သူကမျှစိတ်ကူးရဲသော အရာ တစ်ခု မဟုတ်ခဲ့ပါဘူး။ လင်းဖန်သာလျှင် သူ၏သွေးပင်လယ် ပညာရပ် အစွမ်းကြောင့် ထိုသို့ဆုံးဖြတ်ရဲခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း သူဆုံးရှုံးသွားသော စွမ်းအင်ပမာဏကတော့ များပြားလွန်း နေခဲ့တယ်လေ။

ဒင် ... သင်၏ရဲရင့်စွာ မိမိကိုယ်ကို ဖျက်ဆီးခြင်းအတွက် လက်ဆောင်ရရှိပါသည် ...

ဒင် ... အဆင့်ကျော်၍ အသုံးပြုနိုင်ခြင်း ... ပျက်စီးခြင်း ကောင်းကင်ဘုံ အဆင့် ...

"အာ ..."

လင်းဖန်တစ်ယောက် ရတ်တရက် ဒေတာစနစ်မှ အချက်ပေးသံတို့ကို ကြားလိုက်ရချိန်မှာတော့ အံ့ဩတကြီး ဖြစ်သွားရပါတော့သည်။ သူက အစ ပိုင်းတွင် ဒေတာစနစ်က အသုံးမကျဟု ပြောလိုက်သည်ကို ကြားသွား သောကြောင့် ဆုလာဘ် ပြန်ပေးခဲ့သည်လား။ ထို့အပြင် ဆုလာဘ်ဆိုသည် ကား သူ၏အဆင့်ကို နောက်တစ်ဆင့်သို့ တိုးပေးခဲ့သည်လား။ ဤသည် ကတော့ မဖြစ်နိုင်ပါဘူး။

လင်းဖန်က သေချာစွာ လေ့လာကြည့်ချိန်မှာတော့ သူ၏သိုင်းပညာ အဆင့်သည်ကား အဇူရာကောင်းကင်ဘုံ အဆင့်တွင်သာ ရှိနေခဲ့ပါသည်။ သူက ဒေတာစနစ်၏ ဆိုလိုချက်ကို သဘောမပေါက်နိုင် ဖြစ်နေခဲ့ပါ တော့သည်။

"ပျက်စီးခြင်း ကောင်းကင်ဘုံအဆင့် အသုံးပြုခြင်း … ပျက်စီးခြင်း ကောင်းကင်ဘုံအဆင့်သည် နတ်ဘုရားကောင်းကင်ဘုံ အဆင့်သို့ တက် လှမ်းရန်အတွက် အခြေခိုင်မာအောင် ပြုလုပ်ရသော အဆင့်ဖြစ်သည်။ သင် သည် နတ်ဘုရားကောင်းကင်ဘုံ အဆင့် တစ်ယောက်ဖြစ်ရန်အတွက် မျိုးစေ့ချနိုင်ပါပြီ …"

လင်းဖန်တစ်ယောက် နောက်ဆုံးတွင်တော့ နားလည်လိုက်ပါတော့သည်။ ဤသည်ကား သူအဆင့်တက်ခဲ့ခြင်း မဟုတ်ပါဘူး။ သို့သော်လည်း ဒေတာ စနစ်မှ ဆုလာဘ်အနေဖြင့် သူ၏ပညာရပ်များကို ပျက်စီးခြင်း ကောင်းကင်ဘုံအဆင့် တစ်ယောက်ကဲ့သို့ အဆင့်မြင့်လာစေရန် မြှင့်တင် စေနိုင်ခြင်း ဖြစ်နေခဲ့ပါသည်။ ထို့အပြင် သူ့အနေဖြင့် ပျက်စီးခြင်း ကောင်းကင်ဘုံအဆင့်ကို ကြိုတင်နားလည်ထားပြီး လျင်မြန်စွာဖြင့် နတ် ဘုရားကောင်းကင် အဆင့်သို့ ရောက်ရှိစေရန် ရည်ရွယ်၍ ပေးထားခဲ့ခြင်း ဖြစ်ပါသည်။

"မဆိုးဘူး ..."

လင်းဖန်တစ်ယောက် ပျော်ရွှင်ကျေနပ် နေပါတော့သည်။ ရုတ်တရက် လင်းဖန်၏ ဦးနှောက်တစ်ခုလုံးက ကြည်လင်ပြတ်သား သွားခဲ့ပါတော့သည်။ ထိုအချိန်တွင်တော့ သူ၏ပညာရပ်များ၏ ဉာဏ်အလင်းပွင့်ခြင်းနှင့် အခြားသော အသိပညာရပ်တို့က လင်းဖန်၏မှတ်ဉာဏ် အတွင်းသို့ အဆက်မပြတ် စီးဝင်လာကြပါတော့သည်။ ယခုအချိန်မှာတော့ သူ၏အသိပညာက ပင်လယ်ကြီးတစ်မျှ ကျယ်ပြန့်လာခဲ့ပါပြီ။

ထိုအချိန်တွင် လင်းဖန်တစ်ယောက် အံ့ဩမှုတို့ဖြင့် ပြည့်နှက်နေပါတော့သည်။ သူမရှင်းလင်းသော ကိစ္စရပ်များသည်လည်း အားလုံး အဖြေသိရှိကာ ရှင်းလင်းလာပါတော့သည်။ သူက သာမန်သေမျိုး လူသားတစ်ယောက်အဆင့် ဖြစ်နေခဲ့သော်လည်း နတ်ဘုရားအဆင့် တစ်ယောက်ကဲ့သို့ ပညာရပ်များကို ကောင်းစွာနားလည် လာခဲ့ပါတော့သည်။ ထိုအချိန်တွင်တော့ သူ၏ပညာရပ်များသည်လည်း အလင်း၏အလျင်ကဲ့သို့ လျင်မြန်စွာ တိုးတက်လာပါတော့သည်။

သူက ပညာရပ်များ၏ အဆင့်ကိုတော့ အဆင့်မမြှင့်တင် နိုင်သေးပါဘူး။ ဖြစ်နိုင်ပါက မြေပြင်ပေါ်သို့တက်ကာ အဆင့်မြှင့်တင်ချင် နေခဲ့ပါသည်။ သို့သော်လည်း ယခုအချိန် သူတက်သွားပါက တစ်စုံတစ်ယောက်(သို့မဟုတ်) စွမ်းအားမြင့် မှော်သားရဲတစ်ကောင် လက်ချက်ဖြင့် သူက သေသွားနိုင်ပါသည်။

ထို့ကြောင့် လင်းဖန်တစ်ယောက် ငြိမ်သက်စွာဖြင့်ပင် မြေပြင်တွင် ပြန်ထိုင်ချ လိုက်ပါတော့သည်။ သူအဖြစ်ချင်ဆုံး ဆန္ဒသည်ကား သူ၏မိုးမြေပြောင်းလဲခြင်း ပညာရပ်နှင့် ရွှေဥများသို့ ကန်ချက်ကို အဆင့်မြှင့်တင်ချင်နေခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း ထိုပညာရပ်များသည် ရိုးရှင်းသော

လှုပ်ရှားမှုဖြင့် ဖွဲ့စည်းထားသော်လည်း ကုန်ဆုံးမည့် အစစ်အမှန်စွမ်းအား က ကြီးမားလို့နေခဲ့ပါသည်။ ယခုအခြေအနေ အရတော့ ထိုပညာရပ်တို့ကို မျိုးစေ့ချ၍ မဖြစ်နိုင်သေးပါဘူး။

တစ်ရက် ကုန်လွန်ပြီးနောက် ...

လင်းဖန်၏ မျက်ဝန်းတို့က ပွင့်လာခဲ့ပါပြီ။ ထိုအချိန်တွင်တော့ သူ၏ကိုယ်မှ စွမ်းအားတို့က တောက်ပစွာ ထွက်ပေါ်နေခဲ့ပါတော့သည်။ သူက သွေးတစ်စက်မှ ပြန်လည်မွေးဖွားခြင်း အတွက် များစွာသော စွမ်းအားတို့ကို ပေးဆပ်လိုက် ရသော်လည်း ယခုအချိန်မှာတော့ သူ၏စွမ်းအားတို့က ပင်လယ်ကြီးတစ်မျှ ပြန်လည်ကြီးမား လာခဲ့ပြန်ပါပြီ။

သူက ယခုအချိန်တွင် ပထမဦးစွာ ပြုလုပ်ရမည်မှာတော့ သူ၏ပညာရပ်အားလုံးအား နဘုရားကောင်းကင်ဘုံ အဆင့်အတွက် မျိုးစေ့ချရန် ဖြစ်နေခဲ့ပါသည်။ ထို့ကြောင့် ပထမဦးစွာ မျိုးစေ့ချရန် စဉ်းစားမိသည်ကား သူ၏ထာဝရ မပျက်စီးနိုင်သော ခန္ဓာကိုယ် ဖြစ်နေခဲ့ပါသည်။

"ဟမ့် ... ငါရဲ့ ပထမဆုံး မျိုးစေ့ချရမှာက ထာဝရ မပျက်စီးနိုင်သော ခန္ဓာကိုယ်ပဲ ..."

လင်းဖန်က မြေပြင်ပေါ်သို့ တက်ရန်ဆန္ဒမရှိခဲ့ပါဘူး။ သူက ထိုင်နေလျက်ကပင် သူ၏စွမ်းအားတို့ကို ထုတ်ဖော်ကာ သူ့ကိုယ်အား ပြန်လည်တိုက်ခိုက်လိုက်ပါတော့သည်။

"ဘာ ..."

သူ၏စွမ်းအား အားလုံး၏ (၁၀%) ကုန်ဆုံးသွားသော်လည်း မျိုးစေ့ချခြင်းက မအောင်မြင်ခဲ့ပါဘူး။ သူက ထိုအရာသည်ကား မည်မျှခက်ခဲမည်ကိုတော့ သဘောပေါက် လိုက်ပါတော့သည်။ လင်းဖန်တစ်ယောက်

အန္တရာယ်ကင်းသော နယ်မြေတစ်ခု ဖြစ်နေသည့်အတွက် အဆက်မပြတ် တိုက်ခိုက်ကာ မျိုးစေ့ချခြင်းအား ကြိုးစားဆောင်ရွက် နေပါတော့သည်။

***